TOWN OF
CHAPEL HILL

# ဘာသာစကားအသုံးပြုခွင့် အစီအစဉ် (Language Access Plan) ဆိုတာ ဘာလဲ?

ချာပါဟေး မြို့၏ ဘာသာစကားအသုံးပြုခွင့် အစီအစဉ် (Language Access Plan - LAP) သည် အင်္ဂလိပ် ဘာသာစကား မပြောဆိုသော လူမှုအသိုင်းအဝိုင်းများအနေဖြင့် မြို့၏ အရင်းအမြစ်များနှင့် ဝန်ဆောင်မှုများကို အသုံးပြုနိုင်စေရန် သေချာစေသည့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ထားသော အစီအစဉ် ဖြစ်သည်။

## မြို့တော်မှ မည်သည့် ဘာသာစကားဝန်ဆောင်မှုများကို ပေးသနည်း?

ကျွန်ုပ်တို့သည် အောက်ပါဝန်ဆောင်မှုများအတွက် အဓိကအသုံးပြုသည့် ဘာသာစကားများကို ဦးစားပေး ဆောင်ရွက်ပါသည်။

- မြို့တော်၏ စာရွက်စာတမ်းများနှင့် ရေးသားထားသော အချက်အလက်များကို ဘာသာပြန် ပေးခြင်း။ ရရှိနိုင်ပါက နှုတ်ဖြင့်ဆက်သွယ်မှု၊ အသံ သို့မဟုတ် ဗီဒီယိုဖြင့် ဆက်သွယ်မှုများကို လည်း ပံ့ပိုးပေးနိုင်ပါသည်။
- မြို့တော်ကောင်စီအစည်းအဝေးများ၊ အများပြည်သူသတင်းအချက်အလက်ဆိုင်ရာ အစည်း အဝေးများနှင့် လူထုပါဝင်ဆောင်ရွက်ရေး အစည်းအဝေးများကဲ့သို့သော မြို့တော်အစည်းအ ဝေးများအတွက် စကားပြန် ဝန်ဆောင်မှုပေးခြင်း။
- ဘာသာစကားမျိုးစုံဖြင့် အစည်းအဝေးများ ကျင်းပနိုင်ရန် အထောက်အကူပြုသော ချာပါဟေး လူမှု အသိုင်းအဝိုင်းအတွက် စကားပြန်ကိရိယာများ ငှားရမ်းပေးခြင်း။ အသေးစိတ်အချက်အ လက်များကို ဤနေရာတွင် ကြည့်ရှုနိုင်ပါသည်။

ဒုတိယဦးစားပေး ဘာသာစကားများနှင့် အခြားဘာသာစကားများကိုလည်း တောင်းဆိုပါက စီစဉ်ပေး နိုင်ပါသည်။

ချာပါဟေးမြို့ရှိ နေထိုင်သူများအားလုံးသည် အင်္ဂလိပ်ဘာသာစကားမဟုတ်သော ဘာသာစကားကို အသုံးပြုလိုပါက၊ မိမိတို့အတွက် ကုန်ကျစရိတ်တစ်စုံတစ်ရာ မရှိဘဲ ဤဘာသာစကားဝန်ဆောင်မှု များကို ရယူအသုံးပြုခွင့်ရှိပါသည်။ ကျေးဇူးပြု၍ သတိပြုရန်မှာ ကျွန်ုပ်တို့သည် ချာပါဟေးမြို့အစိုးရ၏ ဝန်ဆောင်မှုများ—ဥပမာ အမှိုက်သိမ်းဆည်းရေးဝန်ဆောင်မှု သို့မဟုတ် စာကြည့်တိုက်ဝန်ဆောင်မှု များအတွက်သာ ဘာသာစကားအကူအညီကို ပေးပါသည်။ ဆေးကုသမှုချိန်းဆိုမှုများ သို့မဟုတ် တရားရုံးချိန်းဆိုမှုများကဲ့သို့ အခြားသော ဘာသာစကားဆိုင်ရာ လိုအပ်ချက်များအတွက် နေထိုင်သူများ ကို ကျွန်ုပ်တို့ မကူညီနိုင်ပါ။

TOWN OF
**CHAPEL HILL**

## မြို့၏ ဘာသာစကားဝန်ဆောင်မှုများကို မည်သို့ တောင်းဆိုရမည်နည်း?

ဘာသာစကားဝန်ဆောင်မှုများကို တောင်းဆိုလိုပါက၊ ၉၁၉-၉၆၉-၅၁၀၅ သို့ သင်နှစ်သက်သော ဘာသာစကားဖြင့် အသံမေးလ် (voicemail) ချန်ထားပေးပါ။ သင့်အမည်နှင့် ဖုန်းခေါ်ဆိုရသည့် အကြောင်းရင်းကို ပြောကြားပါ။ ကျွန်ုပ်တို့၏အဖွဲ့သည် ၄၈ နာရီအတွင်း ဖုန်းစကားပြန်တစ်ဦးနှင့်အတူ သင့်အား ပြန်လည်ဆက်သွယ်ပေးပါမည်။

## မြို့၏ အဓိကနှင့် ဒုတိယအသုံးပြုသော ဘာသာစကားများမှာ အဘယ်နည်း။?

**မြို့၏ အဓိကအသုံးပြုသော ဘာသာစကားများမှာ မြန်မာ၊ ကရင်၊ တရုတ် (မန်ဒရင်) နှင့် စပိန် ဘာသာစကားတို့ ဖြစ်သည်။** ဤဘာသာစကားများကို လူအများအသုံးပြုကြပြီး ဝန်ဆောင်မှု တောင်းဆိုမှုလည်း များပြားသောကြောင့် ဘာသာစကားဝန်ဆောင်မှုများပေးရာတွင် ၎င်းတို့ကို ဦးစားပေးဆောင်ရွက်ပါသည်။

**မြို့၏ ဒုတိယအသုံးပြုသည့် ဘာသာစကားများမှာ အာရဗီ၊ ပြင်သစ်၊ ဂျပန်၊ ကိုရီးယား၊ ကင်ညာရွမ်ဒါ (Kinyarwanda)၊ ပါရှ်တို (Pashto)၊ ရိုဟင်ဂျာနှင့် ဆွာဟီလီတို့ ဖြစ်ပါသည်။** အများပြည်သူအိမ်ရာဌာန (Public Housing)၊ ရဲတပ်ဖွဲ့ (Police) နှင့် ကျွန်ုပ်တို့၏ ရပ်ရွာမိတ်ဖက်အဖွဲ့အစည်းများက ဤဘာသာစကားများဖြင့် ဝန်ဆောင်မှုများကို အစဉ်တစိုက် ပံ့ပိုးပေးလျက်ရှိသောကြောင့် လိုအပ်သည့်အခါ ဘာသာစကားဝန်ဆောင်မှုများပေးရာတွင် ၎င်းတို့ကို ဦးစားပေးထားပါသည်။

## မေးခွန်းများ ထပ်မံရှိပါက မည်သူကို ဆက်သွယ်သင့်ပါသလဲ?

မြို့၏ ဘာသာစကားဝန်ဆောင်မှုများအကြောင်း ပိုမိုသိရှိလိုပါက languageservices@chapelhillnc.gov သို့မဟုတ် ၉၁၉-၉၆၉-၅၁၀၅ သို့ ဆက်သွယ်ပါ။